dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to prepare against Natural Disasters?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "သဘာဝဘေးအန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်မှု ဘယ်လောက်ရှိထားပြီလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

၂၀၀၈ မေလ ၂ ရက်နေ့၊ မြန်မာလူမျိုးတွေ သဘာဝဘေးအန္တရာယ်ကို ဘာကြိုတင် ပြင်ဆင်မှု မှ မရှိဘဲ လက်တွေ့ ရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့နေ့။ မုန်တိုင်းကို ယဉ်ပါးတဲ့ နယ်ဒေသတွေသာမက မုန်တိုင်း ဆိုသည်ကို မကြုံဘူးသည့် ရန်ကုန်လို မြို့ကြီးပင် မုန်တိုင်းရှိသည် ဆိုသည့်အသံကြားပါက နလုံးခုန် သံမြန်လာရလောက်အောင် အမှတ်တရ ဖြစ်သွားခဲ့ရတဲ့အထိ နာဂစ်က ကောင်းကောင်း သင်ခန်းစာ ပေးခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်စေခဲ့သည့် အဆိုပါနာဂစ်မုန်တိုင်းတွင် လူဦးရေ တစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့သည်။ ကျန်ရစ်သူတို့၌လည်း စိတ်အနာတရတစ်ခု အဖြစ် ပြန်လည်ထူထောင်ရေးများပင် ကာလရှည်ဆောင်ရွက်ခဲ့ရသည်။

လက်ရှိတွင်လည်း ကမ္ဘာပေါ်ရှိ ဘေးအန္တရာယ်အကျရောက်နိုင်ဆုံး ၁၀ နိုင်ငံထဲတွင် မြန်မာပါဝင်နေကြောင်း ကမ္ဘာ့စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းတစ်ခုက ထုတ်ပြန်ထားခဲ့သည်။ ဆိုင်ကလုန်းနာဂစ်က သင်ခန်းစာကောင်းကောင်းပေးသွားခဲ့အပြီး မြန်မာနိုင်ငံပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် သဘာဝဘေးဒုက္ခများ နှင့် ပတ်သက်ပြီး အဘယ်မျှအထိ နားလည်သဘောပေါက်ထားပါပြီလဲ။ မိုးလေဝသပညာရှင် ဦးထွန်းလွင်က အချိန်မရွေးကျရောက်နိုင်တဲ့ ဒီလိုသဘာဝဘေးအန္တရာယ်တွေကို ကာကွယ်မှု ဆိုခြင်း၌ အစိုးရသာမက  လူထုမှာပါ တာဝန်ရှိသည် ဟုပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုပိုင်းသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၄ နိုင်ငံရှိသည့်အနက် အဆင့် ၁၇၉တွင် ရှိနေသည်ဟုသိရသည်။ အဘယ်ကြောင့်နည်း။ နည်းပညာအားနည်းမှု၊ ငွေကြေးတတ်နိုင်စွမ်းနည်းပါးမှု၊ နိုင်ငံဖွံ့ဖြိုးမှုပိုင်း စသည့်၊စသည့် အကြောင်းပြချက်များ ရှိနေနိုင်သော်လည်း ရေကြီးမှု ၊ မုန်တိုင်းစသည့် သဘာဝဘေးများကမူ အားနည်းချက်များပေါ်အခွင့်ကောင်း စောင့်စားနေမည် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုမှုများ၊ ရေကြီးရေလျှံခြင်းများ ၊ ရာသီဥတု ဖောက်ပြန်၍ စိုက်ပျိုးသီးနှံဆုံးရှုံးမှု၊ ခရမ်းလွန်ရောင်ခြည်ကျရောက်သည့်နှုန်း မြင့်မားမှု များကို ယခုနှစ်အနည်းငယ်အတွင်း ပိုမိုမြင်တွေ့လာရ သော မြန်မာနိုင်ငံတွင် ဒီရေတောများ ဆုံးရှုံးမှုကြီးမားနေပြီး ၊သစ်တောပြုန်းတီးမှုများလည်း စိုးရိမ်ရေမှတ် အောက်ကျရောက်နေရာ သဘာဝဘေးကျရောက်မှုကို လက်ကမ်းထားသကဲ့သို့ ဖြစ်လျက်ရှိနေသည်။

ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် သဘာဝဘေးအန္တရာယ်တားဆီးရေးအတွက် မြန်မာနိုင်ငံ မြန်မာနိုင်ငံအစိုးရနဲ့ လူထုတို့ ဘယ်လောက်အဆင်သင့်ဖြစ်နေပြီလဲ၊ ကမ္ဘာလုံးဆိုရာ ရာသီဥတုဖောက်ပြန်မှု နဲ့ မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်မှု၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု တို့ကြောင့် မြန်မာ့စီးပွားရေးနဲ့ ပြည်သူ့အကျိုးစီးပွားအပေါ် သက်ရောက်မှု စသည့်အကြောင်းခြင်းရာများကို ဆွေးနွေးကြည့်ကြမည်ဖြစ်ပါသည်။

## သူတို့အမြင်

"အာဆီယံ နိုင်ငံများတွင် လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့ပေးမည့် AHA ဌာနကို ထူထောင်ထားသော်လည်း ထိရောက်စွာ တုံ့ပြန်နိုင်စွမ်း မရှိသေးကြောင်း၊ သဘာဝ ဘေးအန္တရာယ် ကျရောက်ပါက လျင်မြန်စွာ တုံ့ပြန်နိုင်မည့် စွမ်းရည်ကို အရေးကြီး ကိစ္စတရပ်အနေဖြင့် ထူထောင်ကြရန် အဆိုပြုလိုကြောင်း "

**ဦးသိန်းစိန်** - နိုင်ငံတော်သမ္မတ။

"သဘာဝအရ ဆိုးတာထက် လူတွေကြောင့် ဆိုးတာက ပိုပြီးတော့ ဆိုးသေးတယ်။ ဒီနိုင်ငံမှာ ဘာမှ အရန်သင့် မဖြစ်သေးဘူး။ တစ်နိုင်ငံလုံး အပေါ်က ခြုံကြည့်မယ် ဒါမှမဟုတ် သူများတွေနဲ့ ယှဉ်ကြည့်လိုက်ရင်တော့ မြန်မာနိုင်ငံဟာ ရာသီဥတုပြောင်းလဲခြင်း အပေါ်မှာ သတိရှိတာတွေ၊ ကြိုပြီးတော့ လုပ်ရမယ့် အရာတွေ ပြင်ဆင်ရမယ့်အရာတွေ အားလုံး အပိုင်းမှာတော့ မြန်မာ ဟာ ကမ္ဘာ့ အညံ့ဆုံး ၁၀ နိုင်ငံထဲမှာ ပါနေတယ်။ နည်းနည်း တယောက်ချင်း၊ နှစ်ယောက်ချင်း၊ တအုပ်စုချင်း ကောင်းတာလေးတွေ ရှိမှာပေါ့လေ။ ဒါပေမယ့် နိုင်ငံအနေနဲ့ ခြုံကြည့်ရင်တော့ ၁၈၄ နိုင်ငံမှာ ၁၇၉ ဆိုတာ last stand country ပဲ "

**ဦးထွန်းလွင်** - မိုးလေဝသပညာရှင်။

### *Information links:*

www.burma.irrawaddy.org

**www.youtube.com**

**www.dvbdebate.net**

**www.**Burmese.dvb.no